# နေ့ညအမြဲရွတ်ဆိုပါ စိန္တာမဏိဂါထာ

(သို့မဟုတ်)

## ဒုဋ္ဌဂါမဏိမင်းကြီးနေ့စဉ်ရွတ်ဖတ် သရဇ္ဈာယ်လေ့ရှိသော စိန္တာမဏိဂါထာ

ပဏ္ဍရာ (သုံးဆယ်)



ပန်းချီ-ဖိုးအောင်

ကျွန်တော်သည် နံနက်တိုင်း အိပ်ရာမှထပြီး မျက်နှာသစ်ပြီးသည်နှင့် ဘုရားစင်ရှေ့တွင် ငါးပါးသီလခံယူ၏။ ဝေနေယျသုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်းတို့အား မေတ္တာပို့သ၏။ ထို့နောက် ကျွန်တော်၏ အဘိုးဗေဒင်ဆရာကြီး အင်္ဂဝိဇ္ဇာဆရာသိန်း (အမည်ရင်း ဦးဘသိန်း)မှ ကျက်မှတ်နိုင်းထားသဖြင့် အာရုံဆောင်ထားသောဂါထာမန္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိသည်။

ကျွန်တော့်အရင် အိပ်ရာမှထသော အဘိုးအင်္ဂဝိဇ္ဇာ ဆရာသိန်းသည် ဘုရားရှိခိုးပြီးဖြစ်၏။ မေတ္တာပို့သပြီးဖြစ်၏။ ရေနွေးကြမ်းခါးခါးကို ထိုင်သောက်ရင်း ဂါထာမန္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်နေမြဲဖြစ်၏။ ကျွန်တော်သည် 'စိန္တာမဏိဂါထာ' ကို အသံနေအသံထားဖြင့် ရွတ်ဖတ် သရဇ္ဈာယ်နေမိလေ၏။

(၁) စိန္တာမဏိ ရတနာနိ၊
ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ။
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။

(၂) စိန္တာမဏိ ရတနာနိ
ဓမ္မံ ဓမ္မ ရတနာနံ။
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။

(၃) စိန္တာမဏိ ရတနာနိ
သံဃံ သံဃ ရတနာနံ၊
ကရံ ကရတိ သရဏံ
ခိပ္ပမေဝ သမိဇ္ဈတု။

အဘိုးအင်္ဂဝိဇ္ဇာ ဆရာသိန်းသည် ကျွန်တော့်ရွတ်ဖတ်သရဇ္ဈာယ်နေသည့် စိန္တာမဏိဂါထာတော်ကြီးကို အာရုံပြုနေပုံရလေ၏။ ကျွန်တော်က ဂါထာတော်ကို (၉)ခေါက်ရွတ်ဆိုပြီးလျှင် ဘုရားရှင်အား ရှိခိုး၏။ ထို့နောက် အဘိုး၏ဘေးနားတွင်

သွား၍ထိုင်၏။ အဘိုးငှဲ့ထားသော ရေနွေးကြမ်းခါးခါးကိုသောက်နေမိ၏။

"လူလေး .. စောစောက မင်းရွတ်ဖတ်သရဇ္ဈာယ်နေတာ စိန္တာမဏိဂါထာတော်ကြီးမဟုတ်လား"

"ဟုတ်တယ် အဘိုးရဲ့ . . ရန်အန္တရာယ်ဟူသမျှကို ကင်းဝေးပပျောက်စေတယ်။ လူလေးကျက်မှတ်အာရုံဆောင်ထားဆိုလို့ သားက နံနက်တိုင်းရွတ်ဖတ်နေတာပေါ့"

"အဘပြောပြမယ်.. လူလေး နားထောင်နော်၊ သီဟိုဠ်ရာဇဝင်မှာ အလွန်ထင်ရှားတဲ့ ဒုဋ္ဌဂါမဏိဆိုတဲ့ မင်းကြီးတစ်ပါးရှိတယ်။ ဒုဋ္ဌဂါမဏိမင်းကြီးဟာ ကဏ္ဍုလဆင်တော်ကိုစီးပြီး ဧဠာရကျေးမင်းနဲ့ စစ်တိုက်တဲ့အခါ သူရဲ့ဗောင်းတော်ထဲမှာ ဗုဒ္ဓဘုရားရှင်ရဲ့ဂါထာ (၃)ဂါထာကိုဆောင်ကာ စစ်တိုက်ခဲ့တယ်။ အဲဒီဂါထာ (၃)ဂါထာကို အဘ ရွတ်ပြမယ်"

ကျွန်တော်၏အဘိုးသည် ငယ်စဉ်ကပင် ရာဇဝင်ဇာတ်နိပါတ်တော်လာကျမ်းဂန်များကို နှစ်ပေါင်းများစွာ လေ့လာလိုက်စားခဲ့သူဖြစ်၍ အဘိုးပြောပြသမျှအကြောင်းအရာအားလုံးတို့သည် စိတ်ဝင်စားစရာကောင်းလှ၏။ ကျွန်တော့်ဘဝအတွက် မှတ်သားစရာများကို သိခွင့်ရလေ၏။ အဘိုး၏ပြောစကားများသည် ဟင်းလေးအိုးကြီးပမာဖြစ်လေ၏။

(၁) ဗုဒ္ဓေါ တိလောက သရဏော၊
ဗုဒ္ဓေါတိ သူရိယော တမော၊
ဂစ္ဆန္တံ သရဏံ ဗုဒ္ဓံ၊
နတ္ထိ မယှံ ရောဂံ သဒါ။

(၂) ဓမ္မော တိလောက သရဏော၊
ဓမ္မောတိ သူရိယော တမော၊
ဂစ္ဆန္တံ သရဏံ ဓမ္မံ၊
နတ္ထိ မယှံ ဘယံ သဒါ။

(၃) သံဃော တိလောက သရဏော၊
သံဃောတိ သူရိယော တမော၊
ဂစ္ဆန္တံ သရဏံ သံဃံ၊
နတ္ထိ မယှံ ဒုက္ခံ သဒါ။

"ဒုဋ္ဌဂါမဏိမင်းကြီးဟာ ရတနာသုံးပါးကို အတော်အားထားယုံကြည်တော်မူတဲ့အတိုင်း ဗောင်းတော်ထဲမှာ အဘရွတ်ပြတဲ့ဂါထာ (၃)ဂါထာကိုဆောင်ထားတဲ့အပြင် စစ်ချီစစ်တိုက်ရာမှာလည်း မင်းကြီးဆွဲကိုင်တော်မူတဲ့ လှံကိုလည်း ဗုဒ္ဓဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ရွတ်ဖတ်သရဇ္ဈာယ်ထားတယ်လို့ အဘမှတ်သားရဘူးတယ်။ ဒုဋ္ဌဂါမဏိမင်းကြီးဟာ စိန္တာမဏိဂါထာတော်ကြီးကိုလည်း နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိတယ်လို့ မဟာရာဇဝင်ထဲမှာ အဘိုးဖတ်ခဲ့ဘူးတယ်"

"အဲဒီ စိန္တာမဏိဂါထာတော်ကြီးရဲ့မြန်မာပြန်ကို သားကို ပြောပြပါလား"

"အဘိုး ပြောပြမယ်နော် . . နားထောင်"

"စိန္တာမဏိ ရတနာနှိ၊ ကြံတိုင်းဖန်တိုင်း၊ ရပ်ဆိုင်းမရှိ၊ အလိုကိုပြည့်စေနိုင်သော ရတနာတို့သည် ဗုဒ္ဓံ၊ ဘုရားတည်းဟူသော ရတနာပါပေတည်း။ ဗုဒ္ဓ ရတနာနံ၊ ဘုရားတည်းဟူသော ရတနာကို သရဏံ ကိုးကွယ်ခြင်းကို ကရုံ ကရောန္တော ပြုထိုက်သည်ဖြစ်၍ ကရတိ၊ ပြုသောသူ၌ ဣစ္ဆာ ကြံစည်တောင့်တအလိုဆန္ဒ ဟူသမျှသည် ခိပ္ပမေဝ လျင်စွာသာလျှင် သမိဇ္ဈတု ကောင်းစွာကုံလုံ ပြည့်စုံရပါစေသတည်း"

"စိန္တာမဏိ ရတနာနှိ၊ ကြံတိုင်းဖန်တိုင်းရပ်ဆိုင်းမရှိ အလိုကိုပြည့်စေနိုင်သော ရတနာတို့သည် ဓမ္မံ တရားတည်းဟူသော ရတနာပါပေတည်း။ ဓမ္မံရတနာနံ တရာတည်းဟူသော ရတနာကို သရဏံ ကိုးကွယ်ခြင်းကို ကရုံ ကရောန္တော ပြုထိုက်သည်ဖြစ်၍ ကရတိ ပြုသောသူ၌ ဣစ္ဆာ ကြံစည်တောင့်တ အလိုဆန္ဒ ဟူသမျှသည် ခိပ္ပမေဝ လျင်စွာသာလျှင် သမိဇ္ဈတု ကောင်းစွာကုံလုံပြည့်စုံရပါစေသတည်း"

"စိန္တာမဏိ ရတနာနှိ၊ ကြံတိုင်းဖန်တိုင်း ရပ်ဆိုင်းမရှိ အလိုကိုပြည့်စေနိုင်သော ရတနာတို့သည် သံဃံ၊ သံဃာတော်တည်းဟူသော ရတနာပါပေတည်း။ သံဃံရတနာနံ သံဃာတော်တည်းဟူသော ရတနာကို သရဏံ၊ ကိုးကွယ်ခြင်းကို ကရုံ ကရောန္တော၊ ပြုထိုက်သည်ဖြစ်၍ ကရတိ ပြုသောသူ၌ ဣစ္ဆာ၊ ကြံစည်တောင့်တ အလိုဆန္ဒဟူသမျှသည် ခိပ္ပမေဝ၊ လျင်စွာသာလျှင် သမိဇ္ဈတု၊ ကောင်းစွာကုံလုံ ပြည့်စုံရပါစေသတည်း"

"ဂါထာတော်ရဲ့အနက်အဓိပ္ပါယ်က အတော်နက်ရှိုင်းတာပဲနော် အဘိုး"

"အေးပေါ့ကွ၊ အဲဒါကြောင့် ဒုဋ္ဌဂါမဏိမင်းကြီးဟာ ကျေးကုလားတွေကို အောင်မြင်အောင်တိုက်ခိုက်နိုင်တဲ့အပြင် သီဟိုဠ်ရာဇဝင်မှာ ထင်ရှားကျော်ကြားတဲ့ မင်းကြီးတစ်ပါးဖြစ်ခဲ့ရတာပေါ့။ ကဲ လူလေးရေ . . အဘိုး လမ်းလျှောက်ထွက်လိုက်ဦးမယ်၊ နံနက်စာအတွက် ထမင်းအိုးတည်ထားလိုက်နော်"

အဘိုးသည် သူ၏တုတ်ကောက်ကိုကိုင်ကာ ဈေးဘက်သို့ထွက်သွားလေ၏။ ကျွန်တော်သည် ဗဟုသုတစွယ်စုံလှသော အဘိုးအင်္ဂဝိဇ္ဇာ ဆရာသိန်းကို ဆရာတစ်ဆူပမာ မှတ်ယူခဲ့၏။

အဘိုးရှင်းလင်းပြသည့် စိန္တာမဏိဂါထာတော်ကြီး၏ အစွမ်းထက်ပုံကိုလည်း သူငယ်ချင်းများအား ပြောပြမိ၏။ ဤဂါထာတော်ကို နေ့စဉ် နံနက် (၉)ခေါက်၊ ည (၉)ခေါက် ရွတ်ဖတ်သရဇ္ဈာယ်ပါက ဘေးအန္တရာယ်ကင်းစေပါကြောင်း မေတ္တာရှေ့ထားရေးသားတင်ပြလိုက်ရပါပေသည်။

ဝင်းဖော် (သုံးဆယ်)